ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၂၁/၂၀၂၂)

ဦးစိုးမြင့်ထွန်း (အလုပ်ရှင်)
ဦးဇော်ဝိတ် (အုပ်ချုပ်မှုဒါရိုက်တာ)
Myanmar FISCA Security & Communication Co.,Ltd
(လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း)
ဒေါ်ကေဇင်ဝင်း (Accountant)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
ပြည်လမ်း၊ ရတနာအိမ်ရာ၊ အမှတ် (1/B)၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦး
အမှတ် (၇၇)၊ (၆) လမ်း၊ ချစ်တီးကုန်းရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ရတနာအိမ်ရာ၊ အမှတ် (1/B) ရှိ Myanmar FISCA Security & Communication Co.,Ltd (လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း)၊ ဦးစိုးမြင့်ထွန်း (အလုပ်ရှင်)၊ ဒေါ်ကေဇင်ဝင်း (Accountant) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) နှင့် ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို မရမ်းကုန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ အငြင်းပွားမှုအမှတ် (၂/၂၀၂၂) ဖြင့် ညှိနှိုင်းဖျန်ဖြေပေးခဲ့ရာ ညှိနှိုင်းမှုမရရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့

လွှဲပြောင်းပေးခဲ့သည့်အတွက် ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၁၆/၂၀၂၂) ဖြင့် ညှိနှိုင်းဆုံးဖြတ်သည့် ဆုံးဖြတ်ချက်အား အလုပ်ရှင် ဦးစိုးမြင့်ထွန်း Myanmar FISCA Security & Communication Co.,Ltd (လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း)၊ ဒေါ်ကေဇင်ဝင်း (Accountant) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) တို့မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားတောင်းဆိုလာသည့်အတွက် ခုံသမာဓိကောင်စီမှ လက်ခံရယူပြီး အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီမှ ၂၆-၅-၂၀၂၂ ရက်နေ့တွင် ရုံးအမိန့်စာ (၈၄/၂၀၂၂) ဖြင့် ဤအငြင်းပွားမှုအား ခုံသမာဓိကောင်စီ၊ အငြင်းပွားမှုအမှတ် (၂၁/၂၀၂၂) အဖြစ် သတ်မှတ်ပြီး ဤအမှုကို ကြားနာစစ်ဆေးရန် ခုံအဖွဲ့ကို ဥက္ကဋ္ဌ ဦးဇော်မင်း (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးသန်းမောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးမောင်မောင်အေး (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသဖြင့် စစ်ဆေးကြားနာဆုံးဖြတ်ခဲ့သည်။

<u>အမှုဖြစ်စဉ်အကျဉ်း</u>

၂။ ဦးစိုးမြင့်ထွန်း (အလုပ်ရှင်) Myanmar FISCA Security & Communication Co.,Ltd (လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း) သည် ၁၁-၈-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ အလုပ်သမား ကျား (၉)ဦး၊ မ (၁၃)ဦး၊ စုစုပေါင်း (၂၂) ဦးဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းဖြစ်ပြီး ၎င်းတို့လုပ်ငန်းသည် နိုင်ငံတစ်ဝှမ်း ကူးစက်ပြန့်ပွားလာသည့် (COVID-19) ရောဂါ ဖြစ်ပွားလာမှုအခြေအနေကြောင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခြေအနေကျဆင်းလာခြင်း၊ လုပ်ငန်းရရှိသော်လည်း လုပ်ကိုင်ဆောင်ရွက်ရသည့်နေရာတွင် လူဦးရေကန့်သတ် လုပ်ကိုင်ရခြင်းစသည့် လုပ်ငန်းအခြေအနေ မကောင်းသဖြင့် ငွေကြေးလည်ပတ်မှု အားနည်းလာခြင်း စသည့် ကိစ္စရပ်များကြောင့် ၃၁-၁၀-၂၀၂၀ ရက်နေ့တွင် ကုမ္ပဏီမှ ကြေညာချက် (၁/၂၀၂၀) ကို ထုတ်ပြန်၍ အလုပ်သမား၊ ဝန်ထမ်းများအား လုပ်ငန်းယာယီရပ်ဆိုင်းကြောင်းနှင့် လုပ်ငန်းပြန်လည်ဆောင်ရွက်ပါက ပြန်လည်ခေါ်ယူ တာဝန်ပေးလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ၍ လုပ်ငန်းယာယီရပ်ဆိုင်းထားသည်ကို တွေ့ရှိရသည်။ ထိုကာလတွင် အလုပ်ရှင်မှ ထောက်ပံ့ကြေး တစ်စုံတစ်ရာ မပေးခဲ့ပါ။ ရပ်ဆိုင်းထားသည့် (၁) နှစ်ကျော်ပြီဖြစ်သည့်အတွက် မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်လည်ဝင်ရောက်လိုပါကြောင်းနှင့် အလုပ်ပြန်လည်လုပ်ကိုင်ခွင့်မရရှိပါက ဥပဒေအတိုင်း နစ်နာကြေးရယူလိုပါကြောင်း ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦးတို့မှ မရမ်းကုန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြလာသည့်အတွက် ၁-၃-၂၀၂၂ ရက်နေ့၊ ၃-၃-၂၀၂၂ ရက်နေ့၊ ၈-၃-၂၀၂၂ ရက်နေ့၊ ၁၀-၃-၂၀၂၂ ရက်နေ့နှင့် ၁၅-၃-၂၀၂၂ ရက်နေ့များတွင် အလုပ်ရှင်၊

အလုပ်သမားတို့အား ညှိနှိုင်းပေးခဲ့သည့်တွင် အလုပ်ရှင်ကိုယ်စားလှယ် ဒေါ်ကေဇင်ဝင်း (Accountant) မှ အလုပ်ရှင်ကိုယ်စား ထွက်ဆိုသည့်တွင် အလုပ်သမားများအား Myanmar FISCA Security & Communication Co.,Ltd တွင် ၂၁-၃-၂၀၂၂ ရက်နေ့မှစ၍ အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ပါကြောင်း မူလနေရာတွင် ပြန်လည်ခန့်အပ်ရန် နေရာမရှိသည့်အတွက် အခြားသင့်တော်သော နေရာတွင် အလုပ်ပြန်လည်ခန့်အပ်မည်ဖြစ်ကြောင်းနှင့် မူလလစာအတိုင်း အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ပါကြောင်း ထွက်ဆိုမှုအပေါ် ဒေါ်သီတာထွန်း ပါ အလုပ်သမား(၄)ဦးတို့မှ သင့်တော်သောနေရာတွင် အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိပါကြောင်း စီမံရေးရာဌာနတွင်သာ အလုပ်လုပ်ကိုင်လိုပါကြောင်း ထွက်ဆိုသဖြင့် ညှိနှိုင်းမရခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည့်အပေါ် ခုံသမာဓိအဖွဲ့မှ လက်ခံရယူပြီး ၎င်းအမှုကို အောက်ပါအတိုင်း ကောက်ချက်ပြု၍ စစ်ဆေးဆုံးဖြတ်ခဲ့သည်။

ကောက်ချက် ။ အလုပ်သမား ဒေါ်သီတာထွန်း ပါ (၄)ဦးမှ မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်ခန့်ပေးပါရန်နှင့် အလုပ်ပြန်မခန့်နိုင်ပါက ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန်။

ဆုံးဖြတ်ချက် ။ အလုပ်သမား ဒေါ်သီတာထွန်း ပါ (၄) ဦးအား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) နှင့်အညီ နစ်နာကြေးအား အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | အငြင်းပွားမှုဖြစ်ပွားသည့်နေ့ | လုပ်သက် | လစာနှုန်း | နစ်နာကြေးနှုန်းထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်သီတာထွန်း | ၁-၁၁-၂၀၀၂ | ၂၅-၃-၂၀၂၂ | ၁၉ နှစ် ၄ လ | ၁၈၀,၀၀၀ | ၁၈၀,၀၀၀ × ၈ လစာ | ၁,၄၄၀,၀၀၀/- |
| ၂။ | ဒေါ်ခင်သန္တာ | ၃၀-၁-၂၀၀၈ | ၂၅-၃-၂၀၂၂ | ၁၄ နှစ် ၂ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |
| ၃။ | ဒေါ်နုနုအေး | ၁၉-၂-၂၀၀၅ | ၂၅-၃-၂၀၂၂ | ၁၇ နှစ် ၁ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |
| ၄။ | ဒေါ်သုရဇီထွန်း | ၁၈-၅-၂၀၁၁ | ၂၅-၃-၂၀၂၂ | ၁၀ နှစ် ၁၀ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |

ဤသို့ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ထားသည်ကို အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိသဖြင့် မိမိတို့ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်းဖြစ်သည်။

၃။ မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် ဤအငြင်းပွားမှုအား ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က) အရ သက်ဆိုင်ရာ အငြင်းပွားသူများကို "ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်" ဟု ပြဋ္ဌာန်းပါရှိသည့်အတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသည့် စာရွက်စာတမ်းအထောက်အထားများ၊ ထွက်ဆိုချက်များ၊ တောင်းဆိုသူ တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများကို အခြေခံစိစစ်၍ အောက်ပါအတိုင်း ကောက်ချက်ပြု ဆုံးဖြတ်သည်။

<u>စိစစ်တွေ့ရှိချက်</u>

၄။ အလုပ်ရှင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ကေဇင်ဝင်း (Accountant) ၏ အလုပ်ရှင်ကိုယ်စား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် နောက်ဆုံးညှိနှိုင်းခဲ့သည့် ၁၅-၃-၂၀၂၂ ရက်နေ့တွင် ထွက်ဆိုသော ညှိနှိုင်းချက်၌ FISCA Co.,Ltd ဘက်၌ ပူးတွဲတင်ပြသည်။ မူလလစာအတိုင်း ဦးစားပေး မူလနေရာ သို့မဟုတ် သင့်တော်သော အခြားနေရာတွင် ၂၁-၃-၂၀၂၂ ရက်နေ့မှ စတင် အလုပ်ပြန်လည်ဝင်နိုင်ကြောင်း တင်ပြဆွေးနွေးထားပြီး ဒေါ်သီတာထွန်း (အလုပ်သမား) မှ ၁၇-၃-၂၀၂၂ ရက်နေ့တွင် ထွက်ဆိုဆွေးနွေးချက်တွင် "ကျွန်မတို့အား မူလလစာအတိုင်း ပြန်လည်ပေးအပ်မည်ဟု ပြောကြားသော်လည်း ကျွန်မတို့၏ နဂိုမူလတိုင်ကြားစာတွင် ပါဝင်သော မူလရာထူးအား ပြန်လည်မပေးအပ်နိုင်ဘဲ သင့်လျော်သောနေရာတွင်သာ ပြန်လည်ပေးအပ်မည်ဟု ပြောကြားခဲ့ခြင်းကြောင့် ကျွန်မတို့သည် လက်မခံနိုင်ပါ၊ ကျွန်မတို့မူလရာထူးကိုသာ ပြန်လည်ရရှိလိုပါကြောင်း၊ ကျွန်မတို့သည် ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်သည်" ဟု ထွက်ဆိုကြောင်း တွေ့ရသည်။

၅။ အလုပ်ရှင်ကိုယ်စား ဒေါ်ကေဇင်ဝင်း (Accountant)(အလုပ်ရှင်၏အထူးကိုယ်စားလှယ်) မှ ၅-၄-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တွင် ထွက်ဆိုထားသော ထွက်ဆိုချက်၌ ကုမ္ပဏီအနေဖြင့် တောင်းဆိုချက်နှင့်ပတ်သက်၍ ၂၁-၃-၂၀၂၂ ရက်နေ့မှစ၍ သင့်တော်သည့်နေရာ၊ မူလလစာနှင့် အလုပ်ပေးထားနိုင်ပါသည်ဟု ထွက်ဆိုထားပြီး ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦးတို့မှ မူလရာထူး၊ မူလနေရာ၊ မူလလစာဖြင့် ပြန်လည်လုပ်လိုပါသည်၊ မရပါက ဥပဒေပါ

အတိုင်း နစ်နာကြေးရလိုပါသည် ဟု ထွက်ဆိုထားသည့်အပေါ် အောက်ပါအတိုင်း ကောက်ချက်ပြု သုံးသပ်ဆုံးဖြတ်လိုက်သည်။

ကောက်ချက် ။ အလုပ်သမား ဒေါ်သီတာထွန်း ပါ (၄)ဦးမှ မူလနေရာ၊ မူလရာထူး၊ မူလလစာ အတိုင်း အလုပ်ပြန်ခန့်ပေးပါရန်နှင့် အလုပ်ပြန်မခန့်နိုင်ပါက ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန်။

သုံးသပ်ချက်

၆။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ သုံးသပ်ရာတွင် Myanmar FISCA Security & Communication Co.,Ltd (လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း) အနေဖြင့် ၁-၁၁-၂၀၂၀ ရက်နေ့မှစတင်၍ လုပ်ငန်းကို ယာယီရပ်ဆိုင်းထားခဲ့ပြီး ၎င်း၏ဝန်ထမ်းများအား အလုပ်ထုတ်ပယ်ခြင်း၊ အလုပ်ရပ်ဆိုင်းခြင်း လုံးဝပြုလုပ်ခဲ့ခြင်းမရှိသလို၊ ၎င်းဝန်ထမ်းများအား လစာထောက်ပံ့ကြေး တစ်စုံတစ်ရာ ပေးအပ်ခြင်းမရှိသောကြောင့် အလုပ်သမားများ (၁) နှစ်ကျော်ကြာ နေထိုင်ခဲ့ရသည့်အတွက် ၎င်းတို့၏ စားဝတ်နေရေးအတွက် အလုပ်တာဝန်ပြန်လည်ထမ်းဆောင်မှုကိစ္စကို တင်ပြတောင်းဆိုသည်မှာ မူလရာထူး၊ မူလနေရာ၊ မူလလစာဖြင့် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်းနှင့် ပြန်လည်ထမ်းဆောင်ခွင့်မရှိပါက ၎င်းတို့အား ဥပဒေနှင့်အညီ အလုပ်ရပ်နားမှုအတွက် နစ်နာကြေးပေးရန် တောင်းဆိုထားသော တောင်းဆိုချက်နှင့် ပတ်သက်၍ မှန်ကန်သော တောင်းဆိုချက်ဟု သုံးသပ်ပါသည်။ ဤနေရာတွင် အလုပ်ရှင်မှလည်း ၎င်းတို့၏ တောင်းဆိုချက်အတိုင်း ဝန်ထမ်းများအား ၂၁-၃-၂၀၂၂ ရက်နေ့တွင် မူလနေရာတွင် မူလလစာဖြင့် သင့်လျော်သော ရာထူးတာဝန်ပေးအပ်၍ ခန့်ထားပေးမည်ဟု ညှိနှိုင်းခဲ့သော်လည်း ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦးတို့မှ မူလရာထူးဖြင့် မူလနေရာ၊ မူလလစာဖြင့် ခန့်ထားမှသာ လုပ်ကိုင်ဆောင်ရွက်မည်၊ ထိုသို့မရရှိပါက ဥပဒေနှင့်အညီ နစ်နာကြေးရယူလိုကြောင်း ပြောကြား၍ ညှိနှိုင်းမရခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ရာတွင် လုပ်ငန်းဆောင်ရွက်မှုတစ်ခုကို အဖွဲ့အစည်း၊ အင်အား၊ နည်းပညာဖြင့် လုပ်ကိုင်ဆောင်ရွက်ရာ၌ လုပ်ငန်းသဘာဝအလိုက် လုပ်ကိုင်ဆောင်ရွက်ရသည့် အလုပ်ပမာဏနှင့်အညီ လုပ်ငန်းအချိန်မီ ပြီးစီးရေး၊ လုပ်ကိုင်ဆောင်ရွက်မှု အဆင်ပြေရေးအတွက် လုပ်ငန်းစီမံခန့်ခွဲမှုအခန်းကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည်။ ထိုသို့ စီမံရာတွင် လုပ်ကိုင်ဆောင်ရွက်ရသည့်လုပ်ငန်း၊ လုပ်ကိုင်တာဝန်ယူရသော အခြေအနေအရ တာဝန်သတ်မှတ်၍ ၎င်းတာဝန်နှင့်အညီ လုပ်ပိုင်ခွင့်များသတ်မှတ်လျက် ရာထူးအဆင့်အတန်းအလိုက် ခွဲခြားထားရှိပြီး လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်သည်။ ယခုအငြင်းပွားမှုဖြစ်သော Myanmar FISCA Security &

Communication Co.,Ltd အနေဖြင့် ယခင်လုပ်ငန်းများပြားနေ၍ ၎င်း၏ လုပ်ငန်းအတွက် လိုအပ်သည့် အင်အားကို သုံးစွဲလုပ်ကိုင်နေရသော်လည်း ကာလ၏ အခြေအနေကြောင့် လုပ်ငန်း ယာယီရပ်ဆိုင်းရသည်အထိ ဖြစ်ပေါ်နေခြင်းမှာ လုပ်ငန်းမကောင်း၍ လုပ်ငန်းကျဆင်း၍ ယာယီ ရပ်ဆိုင်းဖြစ်သည်ဟု သုံးသပ်သည်။ ထိုသို့ ယာယီရပ်ဆိုင်းရသည့်အတွက် ယခုအချိန်အထိ လုပ်ငန်း လည်ပတ်နိုင်မှု၊ လုပ်ငန်းအခြေအနေနည်းပါးမှုသည် ယခင်ကဲ့သို့ လုပ်ငန်းအခြေအနေနှင့်မတူသဖြင့် ယခင်လများကဲ့သို့ စီမံခန့်ခွဲနိုင်မှု၊ လုပ်ငန်းအထောက်အပံ့ပေးနိုင်မှုသည် လိုအပ်ချက် လျော့နည်း သွားသည့် အခြေအနေဖြစ်ပေသည်။ ထိုသို့သော အခြေအနေတွင် ယခင်ကာလများကဲ့သို့ စီမံခန့်ခွဲမှု ထောက်ပံ့ပေးနိုင်မှုနှင့်ပတ်သက်သော တာဝန်နှင့် ယှဉ်တွဲသည့်ရာထူးကို ထားရှိနိုင်ရန် အခက်အခဲ ရှိသည်ဟု သုံးသပ်သည်။ တောင်းဆိုသူ အလုပ်သမားများအနေဖြင့် ယခင်ရာထူးမရရှိသော်လည်း ယခင်လစာနှင့်အတူ ယခင်လုပ်ကိုင်သည့်နေရာတွင် သင့်လျော်သောလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုခြင်း မှာ ပြင်ပတွင် အလုပ်အကိုင်ရှားပါးချိန်တွင် ယခုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နိုင်သော အခွင့်အရေး သည် ကောင်းမွန်သော အခွင့်အရေးဖြစ်သည့်အပြင် အလုပ်အကိုင်တည်မြဲရေးအား ဦးစားပေး စဉ်းစားရလျှင်လည်း သင့်လျော်သော အခြေအနေဖြစ်သည်ဟု သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၆-၅-၂၀၂၂ နေ့စွဲပါ အငြင်းပွားမှုအမှတ် (၁၆/၂၀၂၂) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက်အား ပယ်ဖျက်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၂)။ (က) ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦးတို့အား အလုပ် လုပ်ကိုင်နိုင်ရန်အတွက် အလုပ်ရှင်မှ ၎င်းတို့၏ မူလ လုပ်ကိုင် သည့် နေရာ၊ မူလလစာဖြင့် သင့်လျော်သော လုပ်ငန်းတာဝန် ကို ဤဆုံးဖြတ်ချက်ချပြီးသည့်နေ့ရက်မှစ၍ ရက် (၃၀)အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်(EC) ချုပ်ဆိုခန့်ထား ရမည်။

(ခ) ဒေါ်သီတာထွန်း ပါ အလုပ်သမား (၄)ဦးတို့ဘက်မှ အဆိုပါ ရက် (၃၀) အတွင်း အလုပ်ဝင်ရောက်လုပ်ကိုင်ရန် ဆက်သွယ် ဆောင်ရွက်ရမည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးဇော်မင်း
ဥက္ကဋ္ဌ

ဦးမောင်မောင်အေး
အဖွဲ့ဝင်